ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**စားသုံးသူရေးရာဦးစီးဌာန**

စာအမှတ် ၊စဥ - ၁၄ / ICT / ၂၀၂၃ ( ၃၆၀ )

ရက်စွဲ ၊ ၂၀၂၃ ခုနှစ်၊ ဧပြီ လ ၅ ရက်

အကြောင်းအရာ။ **အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ်(၅၂)တွင် ကွန်ပျူတာ၊ ICT နှင့် Network ဆက်စပ်ပစ္စည်းများ စသည်တို့ကို မြန်မာကျပ်ငွေဖြင့် ပူးတွဲပါအတိုင်း ဝယ်ယူလိုပါသဖြင့် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ယှဉ်ပြိုင်ဈေးနှုန်းများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပုံစံများကို စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲတွင် ၆-၄-၂၀၂၃ ရက်နေ့မှ ၂၁-၄-၂၀၂၃ ရက်နေ့ထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းနံပါတ် ၀၆၇-၄၃၀၄၅၉၉၊ ၀၆၇-၄၃၀၅၁၀ များတွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပူးတွဲ ( ၆ ) ရွက်**

ညွှန်ကြားရေးမှူးချုပ်( )

(ဆန်းမြင့်၊ ညွှန်ကြားရေးမှူး)

**ဖြန့်ဝေခြင်း** (ကြော်ငြာသင်ပုန်းတွင် ကြော်ငြာပေးပါရန်)

ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာနခွဲ၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာနခွဲ၊ မူပိုင်ခွင့်ဦးစီးဌာန

ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာနခွဲ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဥတ္တရသီရိမြို့နယ်

မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဥတ္တရသီရိမြို့နယ်

ရုံးအမှတ်(၃)၊ ရုံးအမှတ်(၅၂)ကြော်ငြာသင်ပုန်းများ

မိတ္တူကို

ဝန်ကြီးရုံး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဥက္ကဋ္ဌ၊ တင်ဒါကော်မတီ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်ရုံး၊ စားသုံးသူရေးရာဦးစီးဌာန

ပူးတွဲ

## အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည့်ပစ္စည်းများ

| Lot အမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| Lot – 1 | Computer | 27 Sets |
| | Laptop Computer | 3 Nos |
| Lot – 2 | Document Scanner (Heavy Duty) | 3 Nos |
| | VPN Router | 5 Nos |
| | Wall Mount Screen (96"x96") | 1 No |
| | UPS 1200 VA | 5 Nos |

**အိတ်ဖွင့်တင်ဒါပုံစံ ဝယ်ယူရန်လိပ်စာ**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲ၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်

ဖုန်း၊ ၀၆၇-၄၃၀၅၁၀၊ ၀၆၇- ၄၃၀၄၅၉

**အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ၊ နေ့ရက်၊ အချိန်**

၂။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ရုံးအမှတ်(၃)၊ နေပြည်တော်၊ ဖုန်း ၀၆၇-၄၃၀၅၁၀၊ ၀၆၇-၄၃၀၄၅၉

အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေ့ (ကြိုတင်အကြောင်းကြားပေးပါမည်။)

**အိတ်ဖွင့်တင်ဒါတင်သွင်းမည့်သူများ သတင်းပို့ရမည့်နေရာ၊ နေ့ရက်နှင့်အချိန်**

၃။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲ

ရုံးအမှတ်(၅၂) ၊ နေပြည်တော် ၊ ဖုန်း ၀၆၇-၄၃၀၅၁၀၊ ၀၆၇-၄၃၀၄၅၉

သတင်းပို့ရမည့်နေ့ (ကြိုတင်အကြောင်းကြားပေးပါမည်။)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## စားသုံးသူရေးရာဦးစီးဌာန

## အိတ်ဖွင့်တင်ဒါတင်သွင်းသူများလိုက်နာရမည့်စည်းကမ်းချက်များ

၁။ အိတ်ဖွင့်တင်ဒါတင်သွင်းသူများသည် အောက်ဖော်ပြပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်-

(က) အမျိုးသားမှတ်ပုံတင်အမှတ်(သို့) နိုင်ငံသားစစ်ဆေးရေးကတ်ပြား လက်ဝယ်ရှိသည့် နိုင်ငံသားတိုင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်။

(ခ) တင်ဒါတင်သွင်းသည့်ကုမ္ပဏီသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီး သက်တမ်းကျန်ရှိသည့် ကုမ္ပဏီဖြစ်ရမည်။ ကုမ္ပဏီဒါရိုက်တာအမည်စာရင်း(Company Extract)ကိုပါ ပူးတွဲတင်ပြရမည်။

(ဂ) အိတ်ဖွင့်တင်ဒါတင်သွင်းရာတွင် ဌာနမှသတ်မှတ်ထားသောတင်ဒါပုံစံတွင် ရေးသွင်းရမည်ဖြစ်ပြီး Lot-1 အတွက် အိတ်ဖွင့်တင်ဒါပုံစံ တစ်စောင်လျှင် ငွေကျပ်၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)ဖြင့်လည်းကောင်း၊ Lot-2 အတွက် အိတ်ဖွင့်တင်ဒါပုံစံ တစ်စောင်လျှင် ငွေကျပ် ၂၀၀၀/-(ကျပ်နှစ်ထောင်တိတိ)ဖြင့်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ပါသည်။

(ဃ) အိတ်ဖွင့်တင်ဒါတင်သွင်းသူသည် တင်ဒါစိစစ်ရေးအဖွဲ့မှ သတ်မှတ်ထားသည့် ပုံစံဖြင့်သာတင်သွင်းရမည်။ (ဌာနမှရောင်းချထားသည့်ပုံစံဖြင့် တင်သွင်းခြင်းမပြုသည့် တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ)

(င) အိတ်ဖွင့်တင်ဒါတင်သွင်းသူသည် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးအား မြန်မာ့စီးပွားရေးဘဏ်တွင် P.O Cheque ဖြင့် ပေးသွင်းရမည်။ တင်ဒါမအောင်မြင်ပါက တင်ဒါအာမခံကြေး P.O Chequeကို (၇)ရက်အတွင်း ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

(စ) အိတ်ဖွင့်တင်ဒါတင်သွင်းသူသည် မိမိဝယ်ယူလိုသည့်ပစ္စည်းအတွက် အဆိုပြုဈေးနှုန်းကို ကိန်းဂဏန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း ထင်ရှားပီသစွာရေးရမည်။ (ဖျက်ရာ/ပြင်ရာ/မပီမသ/ရေးသားမှုများ မဖြစ်စေရ)

(ဆ) အိတ်ဖွင့်တင်ဒါတင်သွင်းရာတွင် တင်သွင်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ (၃) စောင်၊ ပတ်စပို့အရွယ်အစား ကာလာဓါတ်ပုံ(၃)ပုံကို ထည့်သွင်းတင်သွင်းရမည်။ တင်သွင်းသော ကုမ္ပဏီ၏အမည်/ဆိုင်အမည် (ကုမ္ပဏီမှတ်ပုံတင်/စည်ပင်လုပ်ငန်း၊ လိုင်စင်မှတ်ပုံတင်) ပိုင်ရှင်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်စသည်ဖြင့် ပြည့်စုံစွာ ဖော်ပြရမည်။

(ဇ) အိတ်ဖွင့်တင်ဒါတင်သွင်းရာတွင် တင်သွင်းသူကိုယ်တိုင် လာရောက်တင်သွင်းရမည်။ ဈေးပြိုင်တင်ဒါလာရောက်သူသည် ဈေးနှုန်းနှင့် ပစ္စည်းအပေါ် အဆုံးအဖြတ်ပေးနိုင်သူဖြစ်ရပါမည်။ ကိုယ်တိုင်လာရောက် တင်သွင်းနိုင်ခြင်း မရှိပါက Notary လုပ်ပြီး သို့မဟုတ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ပြီး General Power ဖြင့် တရားဝင် ကိုယ်စားလှယ်လွှဲစာပါရှိရမည်။

(ဈ) အိတ်ဖွင့်တင်ဒါတင်သွင်းရာတွင် ဈေးနှုန်းလွှာနှင့်အတူ မိမိတို့တင်သွင်းမည့် ပစ္စည်းနမူနာ(သို့)Catalogueနှင့် ဓါတ်ပုံများကို ပူးတွဲတင်ပြရပါမည်။ တင်ဒါဖွင့်ပြီးပါက နမူနာပစ္စည်း (သို့) Catalogue နှင့်ဓါတ်ပုံများကို ပြန်လည်ထုတ်ယူ နိုင်ပါသည်။

(ည) တင်ဒါစိစစ်ရေးအဖွဲ့သည် တင်ဒါပယ်ဖျက်ခြင်း၊ အသစ်တဖန်ပြန်လည်ခေါ်ယူခြင်းတို့ကို လုပ်ပိုင်ခွင့်ရှိသည့်အပြင် တင်ဒါစိစစ်ရေးအဖွဲ့၏ အဆုံးအဖြတ်သည် အတည်ဖြစ်သည်။

(ဋ) ပေးသွင်းမည့်ပစ္စည်း၏ အသေးစိတ်အချက်အလက် (Specification)များကို ဈေးနှုန်းလွှာနှင့်အတူ ပူးတွဲတင်ပြရမည်ဖြစ်ပြီး ဌာနမှကြော်ငြာထားသည့် (Specifica - tion) နှင့်တင်သွင်းသည့်ပစ္စည်းသည် ကွဲလွဲမှုမရှိစေရပါ။ ကွဲလွဲမှုရှိပါက ကြိုတင်ရွေးချယ်ခံရစေကာမူ ပြန်လည်ပယ်ဖျက်သွားမည်ဖြစ်သည်။

(ဌ) တင်ဒါပေးသွင်းသော ပစ္စည်းတစ်မျိုးချင်းအလိုက် ဈေးနှုန်းပေးသွင်းရန်နှင့် Price, Delivery, Validity, Brand, Country of Origin တို့ကို ပြည့်စုံစွာ ဖော်ပြရမည်။

(ဍ) တင်ဒါစိစစ်ရေးအဖွဲ့မှ သတ်မှတ်ထားသည့်နေ့ရက်၊ အချိန်ထက် နောက်ကျတင်သွင်းလာသည့် တင်ဒါရှင်များကိုလည်းကောင်း၊ အဖွဲ့မှသတ်မှတ်သည့် စည်းကမ်း

ချက်များကို ဖောက်ဖျက်သည့် တင်ဒါရှင်များကိုလည်းကောင်း လက်ခံစဉ်းစားမည် မဟုတ်ပါ။

(ဎ) အိတ်ဖွင့်တင်ဒါ အောင်မြင်သူများထံသို့ ပုံစံတွင် ဖြည့်စွက်ပါရှိသည့် လိပ်စာပါ အတိုင်း အကြောင်းပြန်ကြားပေးမည်ဖြစ်ပြီး တင်ဒါမအောင်မြင်သည့် ပုဂ္ဂိုလ်များ ထံသို့ သီးခြားပြန်ကြားပေးမည် မဟုတ်ပါ။

(ဏ) အိတ်ဖွင့်တင်ဒါအောင်မြင်သူသည် တင်ဒါအောင်မြင်ကြောင်း အကြောင်းကြားသည့် နေ့ရက်မှ ရက်သတ္တပတ်(၂)ပတ်အတွင်း စာချုပ်ချုပ်ဆိုရမည်ဖြစ်ပြီး စာချုပ်ပါ သတ်မှတ်ရက်အတွင်း ပစ္စည်းများကို သတ်မှတ်နေရာသို့အရောက် ပေးသွင်းနိုင် ရမည်။

(တ) အိတ်ဖွင့်တင်ဒါအောင်မြင်သူ မရှိပါက တင်ဒါပြန်လည်ခေါ်ယူမည်ဖြစ်ပါသည်။

(ထ) တင်ဒါခေါ်ယူသော ပစ္စည်းများအား အရေအတွက် လျှော့၍ဖြစ်စေ၊ တိုး၍ဖြစ်စေ ဝယ်ယူခြင်းအား လက်ခံရမည်။

(ဒ) အိတ်ဖွင့်တင်ဒါ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုဘဲ သီးခြားရောင်းချခွင့် လျှောက်ထား လာသည့် လျှောက်လွှာရှင်များကို တင်ဒါစိစစ်ရေးအဖွဲ့မှ လက်ခံစဉ်းစားမည် မဟုတ်ပါ။

(ဓ) With Holding Tax (၂%)ကို ဌာနမှ နုတ်ယူပေးသွင်းမည်ဖြစ်သည်။

(န) တင်ဒါအောင်မြင်သည့်ကုမ္ပဏီသည် စာချုပ် ချုပ်ဆိုရာတွင် ကျသင့်သော တံဆိပ် ခေါင်းခွန်(၁%)နှင့် ကုန်သွယ်လုပ်ငန်းခွန်(၅%)ကို တင်ဒါအောင်မြင်သူမှကျခံရမည် ဖြစ်သည်။

(ပ) တင်ဒါအောင်မြင်ပါက Performence Guarantee အဖြစ် ပစ္စည်းတန်ဖိုး၏ ၁၀% ကို ဘဏ်တွင်ပေးသွင်းရမည်ဖြစ်ပြီး ပေးသွင်းသည့်ပစ္စည်းများ သတ်မှတ်နေရာသို့ ရောက်ရှိ၍ စစ်ဆေးအတည်ပြုပြီးပါက (၄၅)ရက်အတွင်း ပြန်လည်ထုတ်ပေးမည် ဖြစ်သည်။

(ဖ) စက်ပစ္စည်းများအတွက် အာမခံကာလ (၁)နှစ်တိတိ ပေးရမည်။ အာမခံကာလ အတွင်း စက်ချို့ယွင်းမှုများရှိခဲ့ပါက စာချုပ်ပါစည်းကမ်းများအတိုင်း လာရောက်ပြင်ဆင်လဲလှယ်မှုများ ပြုလုပ်ပေးရမည်။

(ဗ) တင်ဒါတင်သွင်းသည့်ကုမ္ပဏီ၏ နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်အရပ်ရပ် ပေးဆောင်ပြီးကြောင်းအထောက်အထား တင်ပြရမည်။

(ဘ) တင်ဒါအောင်မြင်ပြီး တင်သွင်းမည့်ပစ္စည်းများသည် တရားဝင်တင်သွင်းလာသည့် ပစ္စည်းများဖြစ်ကြောင်း အထောက်အထားတင်ပြရမည်။

၂။ အိတ်ဖွင့်တင်ဒါဝင်ရောက်ယှဉ်ပြိုင်သည့် ပုဂ္ဂိုလ်အဖွဲ့အစည်းများသည် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီမှထုတ်ပြန်ထားသည့် အထက်ပါစည်းကမ်းများကို သိရှိနားလည်ပြီးဖြစ်သည်ဟု ယူဆမည်ဖြစ်သည်။

၃။ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီမှ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များကို လိုက်နာမှုမရှိလျှင်သော်လည်းကောင်း၊ ဌာနအားမထိမခံမြင်ပြုလုပ်လျှင်လည်းကောင်း၊ ကန့်သတ်မှုမရှိသောတင်ဒါတင်သွင်းခြင်းမှ ပယ်ဖျက်ပြီး အာမခံစပေါ်ငွေကို သိမ်းဆည်းခြင်းခံရမည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**စားသုံးသူရေးရာဦးစီးဌာန**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**စားသုံးသူရေးရာဦးစီးဌာန**

**အိတ်ဖွင့်တင်ဒါတင်သွင်းသူများ လိုက်နာရန် စည်းကမ်းချက်များ**

၁။ အိတ်ဖွင့်တင်ဒါ တင်သွင်းသော မိမိသည် တင်ဒါပုံစံပါ တင်ဒါစည်းမျဉ်းစည်းကမ်းများကို ဖတ်ရှုနားလည်ပြီး ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းသူများသည် မိမိနှင့်မသက်ဆိုင်သော အခြားပုဂ္ဂိုလ်များအား တင်ဒါပျက်ပြားအောင်ညှိနှိုင်းခြင်း၊ ဖျားယောင်းသွေးဆောင်ခြင်း၊ လှည့်ဖျားခြင်း၊ မဟုတ် မမှန် ပြောဆိုဆောင်ရွက်ခြင်းများ လုံးဝ (**လုံးဝ**) မပြုလုပ်ရပါ။

၃။ အိတ်ဖွင့်တင်ဒါ တင်သွင်းသူများသည် အခြားတင်ဒါယှဉ်ပြိုင်မည့် ပုဂ္ဂိုလ်များအား ဈေးနှုန်းညှိနှိုင်းခြင်း၊ တင်ဒါပန်းကြေးတောင်းခံခြင်း၊ ညှိနှိုင်းဈေးဖြင့် တင်သွင်းရန်ညှိနှိုင်းခြင်း၊ အတင်းအကြပ်စေခိုင်းခြင်းတို့ကို တင်ဒါရုံးခန်းအတွင်း/အပြင်နှင့် ရုံးပရဝဏ်အတွင်း လုံးဝ(**လုံးဝ**) မပြုလုပ်ရပါ။

၄။ ပစ္စည်းများကို သတ်မှတ်ထားသည့် စံချိန်စံညွှန်း၊ Brand နှင့်အညီ တင်သွင်းပါမည်ဟု ဝန်ခံကတိပြုပါသည်။

အထက်ပါစည်းကမ်းချက်များကို သိရှိနားလည်ပြီးဖြစ်ပါကြောင်း၊ ဖေါက်ဖျက်ကျူးလွန်ပါက Deposit ငွေသိမ်းယူ၍ တင်ဒါပယ်ဖျက်ခြင်းကို ခံယူမည်ဖြစ်ပါကြောင်းနှင့် Black List အမည်စာရင်းရေးသွင်းမှုကို ခံယူမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ်၊ ----------------------------------------

အမည်/ကုမ္ပဏီအမည် ၊ ----------------------------

မှတ်ပုံတင်အမှတ်၊ ------------------------------------

နေရပ်လိပ်စာ ၊ ----------------------------------------

(အပြည့်အစုံ) ----------------------------------------

ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ----------------------------